ကိုင်းငယ်ကြီးကျေးရွာ

ကိုင်းငယ်ကျေးရွာအုပ်စု၊မင်းလှမြို့နယ်

မကွေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ကိုင်းငယ်ကြီးကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊မင်းလှမြို့နယ်၏အကူအညီဖြင့်ရေးဆွဲပါသည်။)

ဩဂုတ်လ ၊၂၀၂၃

<u>မာတိကာ</u>

၁။ စကားချီး

၂။ သယံဇာတပြဖြေပုံ

၃။ ရာသီခွင်ပြ ပြက္ခဒိန်

၄။ အဖွဲ့အစည်းများပြပုံ

၅။ တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

၆။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ ၊ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား – မဆိုင်ရာ ဆက်နွယ်မှု

၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

(ခ) သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်စီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေး

(ဇ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ

၈။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) – ဖွံ့ဖြိုးရေးဗျူဟာများ

နောက်ဆက်တွဲ(၂) – ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

၉။ စီမံချက်အဆိုပြုလွှာ

၁၀။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃/၂၄ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၈ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကိုင်းငယ်ကြီးကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများကစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည်လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီးလုပ်ငန်း ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ပြုပြင်


ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ၊မင်းလှမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင် လည်းကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


သြဂုတ်လ၊၂၀၂၃ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ကိုင်းငယ်ကြီးကျေးရွာ
မင်းလှမြို့နယ်

သယံဇာတပြမြေပုံ



ရာသီခွင်ပြ ပြကွန်နိန်



အဖွဲ့အစည်းများပြပုံ


အဖွဲ့အစည်းများပုံ
1 အုပ်ချုပ်ရေးအဖွဲ့.
2 ကုသဓိဌာန်အဖွဲ့.
3 အလှူဒါန ငွေကြေးရေးအက်ဖတ်
4 လမ်းပေက်ဖတ်
5 အကြောင်းအမြဲတောက်ခေတ်
6 သက်ဝေဆဲအဖွဲ့.
7 မြို့သာယာအဖွဲ့.
8 ရဟဲယိမ်အဖွဲ့.
9 အရမြို့သားဒီးရေးရာအဖွဲ့.
10 ပရဟိတအဖွဲ့.
11 ထက်ပရဝေအဖွဲ့.
12 လှူဒါန်းမှုရေးအဖွဲ့.
13 စာကြည့်တိုက်အဖွဲ့.

၅။ **<u>တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ</u>**

ကိုင်းငယ်ကြီးကျေးရွာသည် ကိုင်းငယ်အုပ်စုတွင် ပါဝင်ပြီး မင်းလှမြို့မှ(၅၁)မိုင် အကွာတွင်ရှိသည်။ပုသိမ်-မုံရွာလမ်းမကြီး အရှေ့ဘက်(၁)မိုင် (၅)ဖာလုံခန့် အကွာတွင်တည်ရှိသည်။ ကျေးရွာ၏ မြေအနေအထားမှာ ထောင့်မှန်စတုဂံပုံရှိပြီး ရွာ၏အရှေ့ဘက်တွင် ပနီချောင်းရှိပါသည်။ ရွာ၏မြောက်ဘက်တွင် ကိုင်းမြေများရှိပါသည်။ အနောက်ဘက် ၊ တောင်ဘက်နှင့် အရှေ့ဘက်တွင် လယ်/ယာမြေများရှိသည်။ မိုးရာသီတွင် ကျေးရွာတွင်းရှိ လမ်းများမှာ ရွှံ့ဗွက်များ ထူထပ်ခြင်းကြောင့် သွားလာရေး ခက်ခဲပါသည်။ အဓိကထားရသော စိုက်ပျိုးသီးနှံများမှာ မြေပဲ၊ နှမ်း ၊ ဝါ ၊ ပြောင်း ၊ ပဲကြီး ၊ ကုလားပဲ မိုးရေသောက်လယ်စပါးနှင့် ဆောင်းရာသီတွင် ခရမ်းချဉ် ၊ငရုတ် ၊ ကြက်သွန်၊ ခရမ်းစိုက်ပျိုးပါသည်။ ကျေးရွာသည် အပူပိုင်းဒေသတွင် တည်ရှိ သောကြောင့် နှစ်စဉ် ရာသီဥတုမမှန်၍ တောင်သူ လယ်သမားများအတွက် အခက်အခဲကြုံ တွေ့ရပါ သည်။

ကိုင်းငယ်ကြီးကျေးရွာသည် စပါးအသင့်အတင့် ၊ ပဲမျိုးစုံနှင့် ဆီးထွက်သီးနှံများ ထွက်ရာ ဒေသဖြစ်ပါသည်။ ကိုင်းငယ်ကြီး ကျေးရွာတွင် မိုးကောင်းလယ်များနှင့် ယာမြေ ၊ ကိုင်းမြေများရှိပါသည်။ လယ်သမားများမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးရပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သောဧကမှာ (၆၁၄)ဧကရှိပြီး စပါးနှင့် နှမ်း ၊ ပဲမျိုးစုံ စိုက်ပျိုးကြသည်။ သဘာဝ ဆေးဖက်ဝင်အပင်များရှိပြီး အသိပညာနည်းပါးခြင်းကြောင့် အသုံးပြုနိုင်မှုမှာ နည်းပါးပါသည်။ ကျေးရွာတွင် စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများ ကျယ်ပြန့်စွာ တည်ရှိပါသည်။

၆။ **<u>ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ</u>**

(က) **လူဦးရေဆိုင်ရာ အချက်အလက်များ**

ကိုင်းငယ်ကြီးကျေးရွာသည် အိမ်ထောင်စုပေါင်း (၁၈၀)အိမ် ၊ ကျား (၃၈၉) ၊ မ (၃၈၄) ဦးဖြင့် လူဦးရေပေါင်း (၇၇၃)ဦးရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄)ဦးနှုန်း ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အားလုံးမှာ ဗုဒ္ဓဘာသာ ဝင်များဖြစ်ပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေမှာ ကျေးရွာလူဦးရေ၏ (၆၀%)ခန့် ရှိပါသည်။ လူငယ်များပေါများပြီး လူငယ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေး ပြီးဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်မည် ဖြစ်ပါသည်။

(ခ) **စီးပွားရေးအခြေအနေ ၊ ဝင်ငွေ ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကိုင်းငယ်ကြီးကျေးရွာရှိ ကျေးရွာသူ/ကျေးရွာသားများ ကိုယ်တိုင် အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုမှာ ကျွန်တော်တို့၏ ကျေးရွာလူထုသည် ယေဘုယျအား

ဖြင့် ဆင်းရဲ ၊ ချမ်းသာ မျှတမှု ရှိပါသည်။ အိမ်ထောင်စု (၁၈၀)စု၏ (၅၀%)ခန့်မှာ ပြေလည်မှု ရှိပါသည်။

ဆင်းရဲသည်ဟု သတ်မှတ်သူများသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေကေ (၁)ဧကမှ (၆)ဧကေ ပိုင်ဆိုင်သူများနှင့် ကျဘမ်းအလုပ်သမားများဖြစ်ပါသည်။ အိမ်အခြေအနေမှာ သက္ကယ်မိုး ၊ ထရံကာ လေးပင်အိမ်နှင့် သုံးပင်အိမ်အမျိုးအစားများ ဖြစ်ပါသည်။

ချမ်းသာသော မိသားစုများသည် စိုက်ပျိုးမြေကေ (၁၀)ဧကမှ (၁၇)ဧကေ ပိုင်ဆိုင်ပြီး စိုက်ပျိုးရေး လုပ်ကိုင်သူများဖြစ်ကြသည်။ အိမ် အခြေအနေမှာ ပျဉ်ခင်း ၊ ပျဉ်ကာ ၊ အောက်ခံတိုက် ၊ တစ်ထပ်တိုက်၊ ၂ထပ်တိုက် ပိုင်ဆိုင်သူများရှိသည်။ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု အနေအထားကြောင့် စီးပွားရေးအဆင့်အတန်း ဆင်းရဲ ၊ ချမ်းသာ မျှတမှုရှိပါသည်။

(၈) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ထိခိုက်သက်ရောက်လွယ်သော မိသားစုများသည် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများ ၊ သက်ကြီးရွယ်အိုများ ၊ မုဆိုးဖို ၊ တစ်ခုလပ်များ ၊ အခြားဒေသသို့ အချိန်ကြာမြင့်စွာ သွားရောက်လုပ်ကိုင်သူများ ၊ အဆင်းရဲဆုံးတောင်သူများနှင့် မြေယာမဲ့လက်လုပ်လုပ်စားများ ဖြစ်ကြသည်။ ၎င်းတို့သည် အသက်မွေးဝမ်းကြောင်းလုပ်ငန်း ပိုင်ဆိုင်မှုများနှင့် စားဝတ်နေရေး အဆင်မပြေသော မိသားစုများဖြစ်ကြသည်။ ကျေးရွာရှိ ဆင်းရဲသောမိသားစုများနှင့် လူငယ်အများစုမှာ ဝင်ငွေပိုမိုရရှိရန် ပြည်တွင်း/ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းတွင် ထိခိုက်လွယ်သော မိသားစုများရှိသော်လည်း သားသမီးတို့၏ ကူညီထောက်ပံ့မှု ၊ ရပ်ဆွေရပ်မျိုးတို့၏ ကူညီထောက်ပံ့မှုတို့ကြောင့် ၎င်းအိမ်ထောင်စုတို့၏ ထိခိုက်လွယ်မှုအခြေအနေမှာ ပုံမှန်အဆင့်သာ ရှိပါသည်။

(ဃ) ကျန်းမာရေးနှင့် အဟာရ

ကိုင်းငယ်ကြီးကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိပါ။ ရွှေချောင်း၊ ရှမ်းတပ် ကျန်းမာရေး ဆေးပေးခန်းတို့အား မှီခိုနေရပါသည်။ ရာသီအလိုက် ဖျားနာခြင်း ၊ အအေးမိတုပ်ကွေး ၊ ဆီးချို ၊ သွေးချို ၊ လေးဘက်နာ ၊ လေဖြတ် ရောဂါများ ၊ အသက်ရှူလမ်းကြောင်းမှ ကူးစက်ရောဂါများ ဖြစ်လေ့ဖြစ်ထရှိပြီး ဇွန်လနှင့်

သြဂုတ်လမိုးရာသီတွင် ဌက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးများ အဖြစ်များပါသည်။

(c) **ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကိုင်းငယ်ကြီးကျေးရွာတွင် အသက်ကြီးပိုင်းမှာ ဘုန်းကြီးကျောင်း ပညာရေးအဆင့် သာရှိပြီး ကျန်အများစုသည် အခြေခံ အရေး ၊ အဖတ် ၊ အတွက် ၊ အချက် တတ်မြောက်ကြသည်။ မူလတန်းအဆင့်ရှိသူများ ကျား (၃၄)ဦး ၊ မ(၂၁)ဦး ရှိပြီးပေါင်း (၅၅)ဦး၊ အလယ်တန်းအဆင့်ရှိသူများမှာ ကျား(၂၈)ဦး ၊မ (၂၃)ဦး စုစုပေါင်း (၅၁)ဦး ၊အထက်တန်း အဆင့်ရှိသူများ ကျား (၅)ဦး၊ မ(၃)ဦးရှိပြီး ပေါင်း(၈)ဦး ၊ တက္ကသိုလ် ကောလိပ်အဆင့် ရှိသူများ ကျား(၅)ဦး၊ မ(၃)ဦး ရှိပြီး ပေါင်း (၈)ဦး ရှိပါသည်။

(စ) **ကျား – မ ဆိုင်ရာ ဆက်နွယ်မှု**

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ Universal Declaration of Human Rights စာတမ်းနှင့်အညီ လွတ်လပ်မှုရှိပါသည်။ ကျား-မရေးရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံချိန်စံနှုန်းများ သတ်မှတ်ထားပါသည်။ ကျေးရွာတွင် ကျား-မ ပြင်းထန်သော အကြမ်းဖက်မှုများ ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ အမျိုးသမီးများအတွက် ပညာသင်ယူမှုအပိုင်းမှာ အမျိုးသားများနှင့် ထပ်တူထပ်မျှပင် ဖြစ်ပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိပါသည်။ ဥပမာအားဖြင့် - အလုပ်တစ်ခုတွင် လုပ်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လျော့နည်းပြီး ရရှိကြပါသည်။ လုပ်အားခ သတ်မှတ်ရာတွင် ကျား-မ မတူညီမှုကလွဲ၍ ကျန်သောအခွင့်အရေးများကို တန်းတူရရှိကြပါသည်။

၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ကိုင်းငယ်ကြီးကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးတွင် ဂေါပကအဖွဲ့၊ ဝတ်အသင်းအဖွဲ့ ၊ ပရဟိတအဖွဲ့ ၊ ရပ်မိရပ်ဖအဖွဲ့ ၊ လူမှုရေးတွင် အုပ်ချုပ်ရေးမှူးအဖွဲ့ ၊အရန်မီးသတ်၊ အမျိုးသမီးရေးရာ ၊ကျေးရွာသမအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအဖွဲ့ ၊ ကျောင်းကော်မတီအဖွဲ့ စသည်တို့ဖြစ်ပါသည်။ ၎င်းအဖွဲ့အစည်းများမှ ကျေးရွာဖွံ့ဖြိုး မှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက် ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ သဘော တရားတို့နှင့်

ပတ်သက်၍ အသင့်အတင့်ရှိပြီး ၊ အဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ရေး သင်တန်းများကို ကျေးရွာသို့လာ ရောက်ပို့ချပေးပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား စည်းလုံးညီညွတ်မှုတို့ ပိုမိုတိုးတက် ကောင်းမွန် လာနိုင်ပါသည်။

(ခ) **သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ**

ကိုင်းငယ်ကြီး ကျေးရွာတွင် စပါး ၊ နှမ်း ၊ ဝါ ၊ ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြပါသည်။မိုးရေကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာတွင်တောင်သူ (၂၈၇)ရှိ၍ လယ်ကေ (၂၈၃)၊ ယာမြေ (၂၉၉)ကေစုစုပေါင်း စိုက်ပျိုး ကေမှာ (၆၁၄) ရှိပါသည်။ နှမ်း၊ပဲစဉ်းငုံ မိုးမြေပဲ သီးနှံများအား ကဆုန်၊နယုန်လတွင် စိုက်ပျိုးကြပြီး စပါးကို ဝါဆိုလတွင် စိုက်ပျိုးကြပါသည်။ပဲကြီး၊ ကုလားပဲ၊ ဝါ သီးနှံများအား သီတင်းကျွတ်လတွင် စိုက်ပျိုးပါသည်။ နှစ်စဉ်ရာသီဥတုဖောက်ပြန် သောကြောင့် သီးနှံအထွက်နှုန်း လျော့ကြပါသည်။ထွန်ယက်ရန် ထွန်စက်ပိုင်ရှင်များ ထံတွင် ဌားရမ်းအသုံးပြုရပါသည်။ ငွေကြေး မလုံလောက်၍ ချေးငွေယူလုပ်ကိုင် ကြရသည်။ လုပ်သားရှားပါး သောကြောင့် ငှားရမ်း လုပ်ကိုင်ရပါသည်။ ပဲကြီး ၊ ကုလားပဲနှင့် နှမ်းစိုက်ခင်းများတွင် ဖျက်ပိုးများ ကြရောက်မှု ပိုမိုတွေ့ရပြီး ၊ ယင်းဖျက်ပိုးသည် ပိုးသတ်ဆေးအချို့အား ခံနိုင်ရည်ရှိသဖြင့် တောင်သူများသည် ထိရောက်စွာ နှိမ်နင်းနိုင်သော နည်းစနစ်ကို လိုလားကြ ပါသည်။ မိသားစုများမှာ မွေးမြူရေးလုပ်ငန်းအားတစ်ပိုင်၊တစ်နိုင်သာ မွေးမြူကြပါသည်။ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာကို မင်းလှမြို့မှ လက်လီလက်ကား ဝယ်ယူရရှိပါသည်။

(ဂ) **စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကိုင်းငယ်ကြီးကျေးရွာတွင် အိမ်တွင်းလက်မှုလုပ်ငန်း အနည်းငယ် ရှိပါသည်။ လက်ယက်ကန်း၊ စက်ချုပ်လုပ်ငန်း ၊နေ့စားအလုပ်များမှာ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ ဈေးရောင်း ခေါင်းရွက်ဗျတ်ထိုး ၊အစိုးရဝန်ထမ်း လုပ်ငန်းတို့ကိုလုပ်ကိုင် ကြပါသည်။ အခြားလုပ်ငန်း အများစုမှာ ရာသီဥတုအလိုက် လုပ်ကိုင်ရသောကြောင့် အဆင်ပြေမှု လျော့နည်းသည်။ မြေယာမဲ့ လက်လုပ် ၊ လက်စားများမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်ရှိပြီး ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေ မမှန်ခြင်းကြောင့် တစ်ချို့မှာ တနယ်တကျေးဖြစ်သော ပြည်တွင်း ၊ ပြည်ပသို့ အလုပ်လုပ် ကိုင်ကြရသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ များပြားသောကြောင့် ကျေးရွာ၏ အလားအလာကောင်းများ တစ်ရပ်ဖြစ်ကြသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်း ကြောင်း သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများ ရှိကြသည်။ စက်ချုပ်၊ ဇာထိုး ၊ ပန်းထိုး ၊ ဆံပင်မိတ်ကပ်၊ အလှပြင်၊ မုန့်လုပ်နည်း ၊ဆိုင်ကယ်ပြုပြင်ခြင်း၊မိုဘိုင်းဖုန်းပြုပြင်ခြင်း တွင်ခုံ၊ ဝပ်ရှော့ စသည့် အသက်မွေး ဝမ်းကြောင်း သင်တန်းများနှင့် ရွာသားအများစုသည် အတွေ့ကြုံနည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် အနည်းငယ် နိမ့်ကြပြီး သင်တန်းစရိတ် အကုန်အကျခံ ရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြ၍ ငွေကြေး အဆင်ပြေသော အိမ်ထောင်စုအချို့သာ စက်ချုပ် ၊ စက်ပြင်သောသင်တန်းများကို အခကြေးငွေ အကုန် အကျခံကာ ပို့လွှတ်သင်ကြားနိုင်ကြသည်။

(ဃ) **ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု**

ကိုင်းငယ်ကြီးကျေးရွာတွင် စိုက်ပျိုးသီးနှံများ ဖူးပွင့်လာသည့်အချိန်တွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေဩဇာသုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေ ဖြင့် ဘက်စုံဓါတုဆေးဝါးများ သုံးစွဲမှုများပြားသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင် လည်း ပလပ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှုမရှိခြင်း ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင် ရွက်ပေးရန် လိုအပ်လျက်ရှိသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းကို နှစ်စဉ်တွေ့ကြုံခံစားရပါသည်။ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထားရသောကြောင့် တောင်သူများမှာ ရာသီ ဥတု မမှန်ခြင်း ၊ စိုက်ပျိုးရေးလုံလောက်မှုမရှိခြင်း စသည်တို့ကို ကြုံတွေ့ရပါသည်။ ကျေးရွာပတ်ဝန်းကျင်ရှိ တောတောင်ရေမြေများ ၊ သစ်တောသစ်ပင်များကို စနစ်တကျ စိုက်ပျိုးရန် ၊ စနစ်ကျ သော စီမံခန့်ခွဲမှု နည်းပညာများ သင်ယူစေခြင်းဖြင့် တော ၊ တောင်ရေမြေနှင့် သဘာဝပါတ်ဝန်းကျင်များကိုပါ အလိုအလျောက် ထိန်းသိမ်းပေးရာရောက်စေပါမည်။

(c) **ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကိုင်းငယ်ကြီး ကျေးရွာ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေများကို တစ်လအတိုးနှုန်း ၊ တစ်ဧကတစ်သိန်းခွဲကျပ်နှုန်းဖြင့်

အများဆုံး (၁၀)ကေအတွက် ချေးယူနိုင်ကြသည်။ စိုက်ပျိုးရေးဘဏ်မှ ချေးယူနိုင်သော်လည်း ပုံစံ(၇)တင်ပြနိုင်မှသာလျှင် ချေးငွေရရှိသဖြင့် တောင်သူအများစုမှာ ချေးငွေရရှိနိုင်မှု မရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အခြားချေးငွေရရှိနိုင်မှု မရှိသဖြင့် တစ်ချို့အိမ်ထောင်စုများမှာ ရွာတွင် ငွေတိုးချေးစားသူများထံမှ အတိုးနှုန်း ၁၀%နှုန်းဖြင့် ချေးယူကြရသည်။ ကျေးရွာသားများသည် ချေးငွေများကို အကြောင်းအရင်းမျိုးစုံ ၊ ရိက္ခာ ၊ ကျန်းမာရေး ၊ ပညာရေးတို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြရ သဖြင့် ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စု များအနေဖြင့် မိတ်ဆွေမိသားစုထံမှ (၁၀%) နှုန်းဖြင့် ချေးယူရကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက် လျှက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရှိမည်ဆိုပါက ချေးငွေများ လွယ်ကူစွာ ထုတ်ယူနိုင်ပြီး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

(စ) **ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကိုင်းငယ်ကြီးကျေးရွာတွင် ပညာရေးအနေဖြင့် အလယ်တန်းကျောင်း(ခွဲ) အဆင့်ရှိပါသည်။ ကျောင်းဆောင်လုံလောက်မှု မရှိပါ။ ကျောင်းတွင်လည်း ကျောင်းပရိဘောဂ ၊ ကစားကွင်း ၊ သင်ထောက်ကူပစ္စည်းများ မရှိသည်ကို တွေ့ရသည်။ ကျောင်းသားဦးရေနှင့် ဆရာဦးရေအချိုးမှာ အတန်းလိုက်အားဖြင့် ညီမျှမှုရှိသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း ကျေးရွာရှိ လူကြီးအများစုသည် စာရေးတတ် ၊ ဖတ်တတ်ကြသည်ကို တွေ့ရှိရပါသည်။ စာမတတ်သူမရှိရဟူသော နိုင်ငံတော်၏ စီမံချက်ကြောင့် (အသုံးလုံး) သင်တန်းများ၏ အကျိုးကျေးဇူးကြောင့် တစ်ရွာလုံး စာရေးတတ် ၊ ဖတ်တတ်ကြပါသည်။ ကျေးရွာရှိ လူအများစုသည် မူလတန်းအဆင့် သာရှိသော ကြောင့် ဗဟုသုတ နည်းပါးကြသည်။ ကျေးရွာရှိ လက်ရှိအနေထားတွင် ကေဂျီတန်းမှ တက္ကသိုလ် ကောလိပ်အထိ ပညာသင်ကြားနေသူ (၁၆၀)ယောက် ရှိပါသည်။ ကျေးရွာ၏ တိုးတက်မှုမှာ ပညာရေးသည် အဓိကဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပညာရေးကဏ္ဍ အတွက် အခြေခံအဆောက်အဦး ၊ ပရိဘောဂ ၊ ကစားကွင်း ၊ ရေလုံအိမ်သာ ၊ သင်ထောက်ကူ ၊ ဝန်ထမ်းအဆောက်အဦးများ လုံလောက်စွာချထားပေးရန် လိုအပ် ပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ ကျေးရွာတွင် ကိုယ်ဝန်ဆောင်မိခင်များ အတွက် အရံသားဖွားဆရာမကိုသာ အားကိုးနေရပါသည်။

ကိုင်းငယ်ကြီးကျေးရွာသည် ပနီချောင်းဘေးတွင် တည်ရှိသော ကျေးရွာဖြစ်သည့် အတွက် သောက်သုံးရေ ပြတ်လပ်မှုမရှိသော်လည်း ရေချောင်းထဲသို့သွားရောက် ခပ်ယူသောအချိန် ပေးရသည့်အတွက် အိမ်တိုင်ယာရောက် ရေပေးရေး စနစ် ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။

ကျေးရွာရှိ လူငယ်များသည် ဘာသာရေးလုပ်ငန်းများ ၊ လူမှုရေးလုပ်ငန်းများ နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကြသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း စာအုပ်စာပေများ ပြည့်စုံစွာမရှိသည့်အတွက် အသိပညာ ဗဟုသုတများကြွယ်ဝစေမည့် စာပေများအား ထောက်ပံ့ပေးစေလိုပါသည်။ ကျေးရွာတွင် ဘောလုံးကွင်း၊ ခြင်းကွင်း၊ ဘော်လီဘောကွင်းများ ရှိသော်လည်း ကျွမ်းကျင်မှုမရှိသည့်အတွက် အားကစားဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးစေလို ပါသည်။

(ဆ) **အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်မှီးအား ၊ သတင်းနှင့် ဆက်သွယ်မှု**

ကိုင်းငယ်ကြီးကျေးရွာတွင် ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး မိုးတွင်း ကာလတွင် မော်တော်ဆိုင်ကယ် ၊ ကား ၊ လှည်း ၊ နွားများကို အသုံးပြုသော ကြောင့်ရွံ့ဗွက်များဖြင့် မကောင်းပါ။ ကိုင်းငယ်ကြီးကျေးရွာမှ ပုသိမ်-မုံရွာလမ်းပေါ်သို့ ရောက်ရှိရန် မြေသားလမ်းကိုသာ အသုံးပြုရပါသည်။

ကိုင်းငယ်ကြီးကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် ဝေးကွာသည့်အတွက် လျှပ်စစ် ဓါတ်အားသုံးစွဲနိုင်မှု မရှိပါ။ အဆင်ပြေသော မိသားစုများသည် ဆိုလာပြား များ ဝယ်ယူသုံးစွဲနိုင်သော်လည်း အဆင်မပြေသော မိသားစုများမှာ မီးသုံးစွဲနိုင်မှု မရှိသေး သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့်ကျေးလက်ဌာနမှ ဆိုလာ ပြားများတပ် ဆင်ပေးစေလိုပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ တစ်ရွာလုံးအတိုင်းအတာ ဖြင့် တယ်လီဖုန်း ၊ သတင်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်ကြောင်း တွေ့ ရှိရပါသည်။

ကိုင်းငယ်ကြီးကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းစွာ ရှိပါသည်။ ကျေးရွာလူထုကို ဥပဒေနှင့်အညီ နေထိုင်သွားလာတတ် စေရန် နယ်မြေရဲကင်းမှ တစ်နှစ်တစ်ကြိမ်(သို့) နှစ်ကြိမ်ခန့်မျှ မှုခင်းဖြစ်ပွားမှု နည်းအောင် အသိပညာပေး ဟောပြောပွဲများ လာရောက်ပြုလုပ်သည့် အတွက် ကျေးရွာလူထုမှ ဥပဒေအသိပညာများ ရရှိပါသည်။ ကျေးရွာတွင် မှုခင်းများ မရှိသလောက် နည်းပါးပြီး သဘာဝဘေးအန္တရာယ်ကင်းဝေးရေးနှင့် ပတ်သက်၍ နေ့စဉ်မီးကင်းလှည့်ခြင်း၊ မီးသုံးစွဲချိန်နှင့် မီးငြိမ်းသတ်ချိန်များကို စနစ်တကျ ဆောင်ရွက်ထားရှိသည်ကို တွေ့ရပါသည်။ သို့သော်လည်း မီးဆိုသည်မှာ တစ်ကယ် တွေ့ကြုံလျှင် မလွယ်ကူသောကြောင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ကားများ သင်တန်းများ ပေးစေလိုပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ

(၁) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ကိုင်းငယ်ကြီးကျေးရွာရှိ လူဦးရေ၏၇၀%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ လူငယ်ပညာတတ်များနှင့် ဘွဲ့ရအရေအတွက် နည်းပါးပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကြောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်း မွန်စေပါသည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုဘျအားဖြင့် ကောင်းမွန်ပြီး ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးကုသမှုများ အတွက် မြို့နယ်ဆေးရုံသို့ သွားရောက် ဆေးကုသနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထားအတွက် အသင့်အတင့် အနေအထားတွင် ရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ် ၊ ယာ ၊ ဥယျာဉ် ၊ ကိုင်း ၊ ကျွန်းမြေများသည် မြေဆီဩဇာအသင့်အတင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာမြေထွက်ကုန်များကို အလွယ်တကူ ပို့ဆောင်နိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာရှိ အိမ်များတွင် ခိုင်းနွားများသာမက တပိုင်တနိုင် စီးပွားဖြစ် နွားများကိုလည်း မွေးမြူကြသည်။ မွေးမြူရေးအတွက်အလားအလာ ကောင်း

များရှိသော်လည်း မွေး/ကုဋ္ဌိးစီးဌာနမှ နည်းပညာသင်တန်းများ ဖွင့်လှစ်ရန် လိုအပ်သည်။

(၂) **အဟန့်အတားနှင့် စိန်ခေါ်မှု**

ကိုင်းငယ်ကြီးကျေးရွာတွင် စီမံအုပ်ချုပ်မှုကဏ္ဍအနေဖြင့် ကျေးရွာဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ညီညွတ်မှု အားနည်းသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးကဏ္ဍတွင် နှမ်း ၊ ပဲစင်းငုံ ၊ စပါး ၊ ဝါ ၊ ပဲကြီး ၊ မြေပဲ ၊ ကုလားပဲများ စိုက်ပျိုးသော်လည်း နှစ်စဉ်ရာသီဥတု ဖောက်ပြန်မှုကြောင့် သီးနှံအထွက်နှုန်းကျဆင်း လျှက်ရှိပါသည်။ လုပ်ငန်းလုပ် ကိုင်ရန် အတွက် ငွေကြေးမလုံလောက်မှုကြောင့် ချေးငွေယူ၍ လုပ်ကိုင်ကြရသည်။ လုပ်သားရှားပါးမှုများလည်း တွေ့ရသည်။ ပဲကြီးနှင့် နှမ်းသီးနှံများတွင် ဖျက်ပိုးများ ကျရောက်မှု ပိုမိုတွေ့လာရပြီး ယင်းဖျက်ပိုးသည် အချို့ပိုးသတ် ဆေးများကို ခံနိုင်ရည်ရှိသဖြင့် တောင်သူများ အနေဖြင့် ထိရောက်စွာ နှိမ်နင်းသည့် နည်းစနစ်ကို လိုလားကြသည်။ စိုက်ပျိုးရေးစရိတ် အတွက် ပုံစံ(၇)ရှိမှသာ ထုတ်ချေးပေးသောကြောင့် တောင်သူများ အနေဖြင့် ပြင်ပမှ အတိုးကြီးစွာ ချေးယူနေရသည်။ ကျေးရွာ အနေဖြင့် စိုက်ပျိုးရေးနှင့် သွင်းအားစုများအတွက် အလွယ်တကူ ရရှိနိုင်ရေး အကူအညီ လိုအပ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်နိုင်သော အစီအစဉ်မရှိသေးပါ။ တောင်သူအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်သော အထောက် အပံ့များ ရရှိရန် လိုအပ်လျက်ရှိသည်။

ကျေးရွာအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအနည်းငယ်သာ ရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပံ့မှန်ရရှိရေးအတွက် အခက်အခဲရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း ၊ နည်းပညာနှင့် အထိအတွေ့နည်းပါးသည်။ ထို့ကြောင့် နိုင်ငံတော်မှ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး အသက်မွေးဝမ်းကြောင်းပညာများ သင်ယူခွင့်ရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

ငွေရေး ၊ ကြေးရေးနှင့် ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ် တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် တောင်သူများနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့်ချေးငွေ လိုအပ်လျက်ရှိပါသည်။

မင်းလှမြို့နယ်၊ကိုင်းငယ်ကျေးရွာအုပ်စု ၊ ကိုင်းငယ်ကြီးကျေးရွာ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းရမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**စီမံအုပ်ချုပ်မှုစနစ်**					
	အုပ်ချုပ်ရေး၊လူမှုရေးအသင်း	အုပ်ချုပ်ရေး၊လူမှုရေးအသင်း	-မြေနေရာရှိခြင်း	ငွေကြေးမတတ်နိုင်ခြင်း	-အထွေထွေအုပ်ချုပ်ရေး	-ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတည်
	အဖွဲ့များဟောပြောဆွေးနွေး	အဖွဲ့များဟောပြောဆွေးနွေး			ဦးစီးဌာနသို့တင်ပြခြင်း	ဆောက်ခြင်း
	ပွဲများကျင်းပရန်အဆောက်	ပွဲများကို ဘုန်းတော်ကြီး				
	အဦးမရှိခြင်း	ကျောင်းများတွင် ဆောင်ရွက်				
		နေရခြင်း				
၂	**လမ်းတံတားနှင့်လျှပ်စစ်**					
	-ရွာတွင်းလမ်းများ	- မြေသားလမ်းဖြစ်နေခြင်း	- ကျေးရွာလူထုမှလုပ်	လမ်းမြေနေရာလုံလောက်	ရွာတွင်းလမ်းကွန်ကရစ်ခင်း	-ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း
	မကောင်းခြင်း	- ရှုံ့ပွက်များထူနေခြင်း	အားနှင့်ငွေကြေးထည့်	စွာပေးနိုင်ခြင်း	ခြင်း	-ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း
	-စိုက်ပျိုးသီးနှံများသယ်ယူ	- မြေစီးများဖြစ်နေပြီး မိုးရာ	ဝင်နိုင်ခြင်း			
	ရန်လမ်းမကောင်းခြင်း	သီတွင် သွားလာရ ခက်ခဲခြင်း				
	-လျှပ်စစ်မီးမရရှိခြင်း	-မြို့နှင့်အလှမ်းကွာဝေးခြင်း		-ငွေကြေးမတတ်နိုင်ခြင်း	-မီးလင်းရေးကော်မတီဖွဲ့	-လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်
		-မဟာဓါတ်အားလိုင်းနှင့်			စည်းရုံလျှပ်စစ်ဦးစီးဌာနနှင့်	ရွက်ခြင်း
		ဝေးကွာခြင်း			ချိတ်ဆက်ဆောင်ရွက်ခြင်း	

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းရမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၃	**သောက်သုံးရေဖူလုံရေး**					
	-ကျေးရွာနှင့် ပနီချောင်း	-ပနီချောင်းသို့ သွား	-ကျေးရွာလူထုမှ လုပ်	-ငွေကြေးမတတ်နိုင်ခြင်း	-ကျေးလက်ဦးစီးဌာနသို့	-ရေရရှိရေးလုပ်ငန်းဆောင်ရွက်ခြင်း
	ကွာဝေးခြင်း	ရောက်သည့်လမ်းမကောင်း	အားထည့်ဝင်နိုင်ခြင်း		တင်ပြတောင်းခံခြင်း	
		ခြင်း				
၄	**ပညာရေး**					
	-ကျောင်းအဆောက်အဦး မလုံ	-ကျောင်းသားဦးရေတိုး	-စာသင်ကျောင်းဆောင	-ငွေကြေးမတတ်နိုင်ခြင်း	-ပညာရေးဌာနအား	-စာသင်ကျောင်း ဆောင်သစ်ဆောက်
	လောက်ခြင်း	ပွားလာခြင်း	ဆောက်လုပ်ရန် မြေနေ		လိုအပ်ချက်များတောင်း	လုပ်ခြင်း
			ရာရှိခြင်း		ခံခြင်း	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၆	၅	၁၁		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၇	၁၅	၂၂		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၄	၂၁	၅၅		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသား အရွယ်	၂၈	၂၃	၅၁		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၈၇	၂၈၇	၅၇၄	၄	၁
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၈	၂၃	၄၁		
စုစုပေါင်း		၃၈၁	၃၇၄	၇၅၄	၄	၁
စုစုပေါင်း အိမ်ထောင်စု		**၁၈၀**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက်(၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက် အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကိုင်းငယ်ကြီးကျေးရွာတွင် အသက်အုပ်စုမှာ ကျား/မ ပေါင်း(၅၇၄) ယောက်ရှိပြီး မသန်စွမ်းသူဦးရေမှာ ကျား(၄)ဦး မ(၁)ဦးရှိ၍ ကျေးရွာတွင် ငြိမ်းချမ်းစွာနေထိုင်လျက် ရှိသည်ဟု လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၁၆၅	၃၉၀				၂၄၀	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း						-	မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	?	?				?	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၄	၄	-			၄	မြင့် ☑ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-		မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၃	၃				၃	မြင့် ☐ လတ်☑ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁				၁	မြင့် ☐လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	☒
	အလုပ်သမား/ ကျပန်း / ရာသီအလိုက်						-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား							
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၁၈၀	၄၀၅				၃၅၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား” ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လို သူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင် လုပ်ငန်းတစ်ခု လုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ကိုင်းငယ်ကြီးကျေးရွာသည့် စိုက်ပျိုးရေးကို အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်သောကျေးရွာရွာဖြစ်ပါသည်။ အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူများမှာ မွေးမြူရေး၊ အရောင်းအဝယ် ၊ ကျောင်းဆရာမ၊ သားဖွားဆရာမ နှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း လုပ်ကိုင်သူများလည်း ရှိပါသည်။

(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၇၀၀၀		

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၇၀၀၀		
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၄၀၀၀	၄၀၀၀		
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကိုင်းငယ်ကြီးကျေးရွာတွင် နေ့စားလုပ်ခရရှိမှုသည် တန်းတူညီမျှ ရရှိသည်ဟု လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၂၀၀	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၂၅၂	ကောင်း ☐	သင့်☑	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
ဥယျာဉ်ခြံမြေ	၁၀	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	၇၀	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၂၅၃၂	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုး ကြောင့်စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့) မွေးမြူရေးလုပ်ကိုင်နိုင် သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကိုင်းငယ်ကြီးကျေးရွာတွင် လယ်မြေ(၂၀၀)ဧကနှင့်ယာမြေ(၂၂၅၂)ဧက ၊ ဥယျာဉ်ခြံမြေ (၁၀)ဧကနှင့် စားကျက်မြေ(၇၀)ဧကရှိပါသည်။ တောင်သူများ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ အသင့်အတင့်အနေအထားမှာတည်ရှိပြီး မြေဆီလွှာအရည်အသွေးမှာလည်း အသင့်အတင့်အနေအထားမှာ တည်ရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☑ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☑အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☑ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☑ နည်း ☐ မရှိ ☐	☒	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
ရေ - မြေပေါ်ရေ (အင်းအိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း -

ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းလေ့လာတွေ့ရှိမှုများမှာ အဆင်ပြေမှုရှိသည်ကို တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသောအိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**မပြေလည်သောအိမ်ထောင်စု**	**အလွန်မပြေလည်သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	**များ**	**အသင့်အတင့်**	**နည်း**	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	**အလွန်ကောင်း**	**အသင့်အတင့်ကောင်း**	**ညံ့**	**အလွန်ညံ့**
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	**များ**	**အသင့်အတင့်**	**နည်း**	**မရှိ**
အဓိကစီးပွားရေးလုပ်ငန်း	**စီးပွား (ဝင်ငွေ) အလွန်ကောင်း**	**စီးပွား (ဝင်ငွေ) အသင့်အတင့်**	**စီးပွား (ဝင်ငွေ) နည်း**	**စီးပွား (ဝင်ငွေ) အလွန်နည်း**
အိမ်ထောင်စု	၂၀	၁၂၅	၃၀	၁၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကိုင်းငယ်ကြီးကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု(၂၀%) အလယ်အလတ်ရှိသောအိမ်ထောင်စု(၅၀%) မပြေလည်သောအိမ်ထောင်စု(၃၀%)

အလွန်မပြေလည်သောအိမ်ထောင်စု(၁၅%)မှာ တည်ရှိပါသည်။ ကျေးရွာတွင် အဆင်မပြေသော အိမ်ထောင်စုမှာ မြေယာပိုင်ဆိုင်မှုအသင့်အတင့် အိမ်အခြေအနေအလွန်ကောင်းပြီး စီးပွားဝင်ငွေအလွန်ကောင်းကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၆၀	၁၃	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = ___ _____ ချေးယူ = ____ _____ လုပ်အားခကြိုယူ = _____✔_____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	၅၀		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = ___ _____ ချေးယူ = _____ _____ လုပ်အားခကြိုယူ = ____ ✔ _____
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၇၀		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ _____ ချေးယူ =_____ _____ လုပ်အားခကြိုယူ = _____ ✔ _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကိုင်းငယ်ကြီးကျေးရွာတွင် ၃လအောက်ဝမ်းစာဖူလုံမှုအိမ်ထောင်စုမှာ (၆၀) စုရှိပြီး အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု(၁၃)စု၊ ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု အိမ်ထောင်စုမှာ (၅၀)စု၊ ၆လနှင့်၁၂လအထိဝမ်းစာဖူလုံမှုမှာ အိမ်ထောင်စု (၇၀)စုရှိပါသည်ဟု လေ့လာတွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက်		၃	၃

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၁	၁	၂
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၆		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၄		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကိုင်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော အသက်ကြီးရွယ်အို (၆၄)နှစ်နှင့်အထက် အမျိုသမီး(၃)ဦးရှိပြီး မသန်စွမ်းသည့်ပုဂ္ဂိုလ် ကျား(၁)ဦးမ(၁)ဦးရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု(၆)စုရှိ၍ ဆင်းရဲသောအိမ်ထောင်စုများအား ကူညီစောင့်ရှောက်မှုများလိုအပ်ပါသည်ဟု လေ့လာတွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✔					
၂	လျှပ်တပြတ်ရေကြီးခြင်း	✔					
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						
၇	ငလျင်	✔					
၈	အပူလှိုင်း		✔				
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✔					
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု				✔		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			ဖွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၂	မိုးခေါင်ခြင်း		✔				
၁၃	တောမီးလောင်ခြင်း		✔			✔	
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု		✔			✔	
၁၆	မြေပြိုခြင်း	✔			✔		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		✔			✔	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		✔			✔	
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း		✔			✔	
၂၀	သစ်တောပြုန်းတီးခြင်း		✔			✔	
၂၁	ငှက်ဖျားရောဂါ	✔			✔		
၂၂	တီဘီရောဂါ						
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✔			✔		
၂၄	ကပ်ရောဂါ	✔					
၂၅	ပြည်တွင်းပဋိပက္ခ		✔				
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု		✔				
၂၇	လူကုန်ကူးခြင်း	-					
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ဝေးခက်ခဲခြင်းစသည်	-	✔				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့် အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။။ ကိုင်းငယ်ကြီးကျေးရွာတွင် ကပ်ရောဂါကျရောက်ခြင်းနှင့် စာနပ်ရိက္ခာမဖူလုံခြင်းကြောင့် ထိခိုက်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုများကြောင့် စာနပ်ရိက္ခာမဖူလုံမှုများမှာ အသင့်အတင့်ခံစားနေရသူများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်		✔	✔	✔		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု		✔	✔	✔		
၃	ဆင်းရဲသားတောင်သူ		✔	✔	✔		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ			✔	✔		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ			✔	✔		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ			✔	✔		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)		✔		✔		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ		✔				
၉	ငါးကန်ပိုင်ရှင်များ		✔		✔		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		✔				
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ		✔		✔		
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ		✔		✔		

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည် တို့သည်မည်သို့သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကိုင်းငယ်ကြီးကျေးရွာအုပ်စုအတွင်း ထိခိုက်သောသူများ ဒုက္ခရောက်နေသောသူများကူညီစောင့်ရှောက်မှုပေးပါသည်။ သဘာဝဘေးအန္တရယ်များကျရောက်ပါက ဆင်းရဲသည့်တောင်သူများအနေဖြင့် ထိခိုက်မှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ	၁□၂□၃☑	၄	၃	၇	ပညာရေး□ဌေးကြေး□ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း☑ သင့်□ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၂	ကျေးရွာအုပ်ချုပ်ရေးအဖွဲ့	၁□၂□၃☑	၅		၅	ပညာရေး☑ ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်□ ညံ့□
၃	၊ပရဟိတဖွဲ့	၁☑၂□၃□	၁၀	၁၀	၂၀	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၄	မီးသတ်	၁□၂□၃☑	၁၀	-	၁၀	ပညာရေး□ငွေကြေး□ ကျန်းမာရေး☑ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၅	ကျောင်းကော်မတီ	၁☑၂□၃□	၄	၄	၈	ပညာရေး□ငွေကြေး□ ကျန်းမာရေး☑ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၆	လမ်းကော်မတီ	၁□၂□၃☑	၅		၅	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၇	စာကြည့်တိုက်	၁□၂□၃☑	၅	၅	၁၀	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ကိုင်းငယ်ကြီးကျေးရွာအုပ်စုတွင် ရေစင်ကော်မတီအဖွဲ့အစည်း၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ၊ ပရဟိတအဖွဲ့၊ မီးသတ်အဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ လမ်းကော်မတီအဖွဲ့၊ စာကြည့်တိုက် ကော်မတီအဖွဲ့များရှိပါသည်။ ကျေးရွာတွင် လူမှုရေးအဖွဲ့ ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့များသည် တက်ညီလက်ညီဆောင်ရွက်လျက်ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	**ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑**
၂		၁□၂□၃□၄□၅□၆□၇□	**ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□**
၃		၁□၂□၃□၄□၅□၆□၇□	**ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□**
၄		၁□၂□၃□၄□၅□၆□၇□	**ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□**
၅		၁□၂□၃□၄□၅□၆□၇□	**ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□**
၆		၁□၂□၃□၄□၅□၆□၇□	**ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□**

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			စိုက်ပျိုးမွေးမြူရေး□ **သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□**

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (**ဥပမာ – သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်**)

တို့ကိုဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကိုင်းငယ်ကြီးကျေးရွာအုပ်စုတွင် လစဉ်လဆန်း(၁)ရက်နေ့၌ သက်ကြီးရွယ်အိုများကို ပရဟိတအဖွဲ့အစည်းမှ ကြည့်ရှုစောင့်ရှောက်ပေးလျက်ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ–၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့			မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၅	၁	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၅	၁	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၆၅		တောင်သူလတ်
၅	၁၂.၅ဧကအထက်	၇၅		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၈၀	၂	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကိုင်းငယ်ကြီးကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုအိမ်ထောင်စု(၁၈၀)စုရှိပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၄) စုရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ အသင့်အတင့်ရှိပါသည်ဟု လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ကော)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☑မဖြေဆိုပါ☐	လျော့☐တိုး☐အပြောင်းအလဲမရှိ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☑မဖြေဆိုပါ☐	လျော့☐တိုး☐အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☑မဖြေဆိုပါ☐	လျော့☐တိုး☐အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☑မဖြေဆိုပါ☐	လျော့☐တိုး☐အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐အပြောင်းအလဲမရှိ☐
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐အပြောင်းအလဲမရှိ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐အပြောင်းအလဲမရှိ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐အပြောင်းအလဲမရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကိုင်းငယ်ကြီးကျေးရွာတွင် အစိုးရနှင့်ပုဂ္ဂိုလ် အရင်းအမြစ်ရေသွင်သည့် ဧရိယာ မရှိပါကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် အဝိစီတွင်း၊ လက်ငင်ရေတွင်း၊ စိမ့်စမ်းရေ၊ ချောင်းရေကိုသာ အသုံးပြုကြောင်း လေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၂၂၁၇	တင်း	၁၀	၄၀		ဇူလိုင်လ	ဒီဇင်ဘာ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
နှမ်း	၁၉၇	တင်း	၃	၁၀		မေလ	ဩဂုတ်	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
မြေပဲ	၃၀	တင်း	၁၀	၃၅		ဇွန်လ	ဩဂုတ်	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
ကုလားပဲ	၃၀	တင်း	၄	၁၀		ဩဂုတ်	နိုဝင်ဘာ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
ပဲစဉ်ငုံ	၄၀	တင်း	၅	၂၀		မေလ	ဩဂုတ်လ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
ဖရဲ	၁၈	လုံး	၂၀၀	၄၀၀				မြင့်☑လတ်□နိမ့်□	မြင့်□လတ်□☑နိမ့်□	မြင့်□လတ်☑နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကိုင်းငယ်ကြီးကျေးရွာတွင် စပါး၊နှမ်း၊ မြေပဲ၊ ပဲစဉ်းငုံ၊ ကုလားပဲ၊ ဖရဲ စသည့်သီးနှံများကို အဓိကစိုက်ပျိုးသည်။ အမြတ်ရရှိနိုင်မှုအခြေအနေမှာ အသင့်အတင့်သာရှိသည်။ ရာသီဥတုမမှန်ခြင်း တို့ကြောင့် အဓိကစိုက်ပျိုးသီးနှံများ၏ အထွက်နှုန်းလျော့နည်းလာသည်ကို တွေ့ရပါ သည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၃			၁၇၀

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
လက်တွန်းထွန်စက်	၂			၂
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်	၁			၁၈၀
